မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာပေးပို့

စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေး လယ်ယာသုံးစက်ကိရိယာများ အရှိန်အဟုန်မြင့်တိုးတက်ထုတ်လုပ်မှုဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေး ပြည်သူများနှင့်လက်တွဲကြိုးပမ်း

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၅ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် နိုင်ငံတော်၏ အဓိကအမျိုးသားစွမ်းအားစုကြီးတစ်ရပ်ဖြစ်သည့် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် **“တောင်သူလယ်သမားနေ့”** ဖြစ်ပါသည်။ ဤရက်မြတ်မင်္ဂလာ အခါသမယတွင် မြန်မာတိုင်းရင်းသားတောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁*

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရေဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး ကြည့်ရှုစစ်ဆေး တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် မှာကြား

ရန်ကုန် မတ် ၁

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရေဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်း RP-7 နှင့် RP-8အကြား တံတားသံပေါင်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံတစ်ဝန်း ရေလှောင်တမံနှင့် ရေထိန်းတံခါးများတည်ဆောက် သားစဉ်မြေးဆက် အကျိုးခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ပြည်တွင်းစားသုံးမှု ပိုလျှံသည့်အပြင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ကာ ဒေသခံတောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်က ခွင့်ပြုချထားပေးသော မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးမြေအသစ်များဖော်ထုတ်၍ စပါး၊ ဝါ၊ ကြံက်သွန်နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်ခဲ့ရာ ပြည်တွင်း၌သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းသို့စိုက်ပျိုးထုတ်လုပ်နိုင်စေရန် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက် ပေးနေခြင်းသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မား တိုးတက်လာစေရေးအတွက် ဖြစ်သည်။

နိုင်ငံအတွင်းရှိ သဘာဝကပေးသော ရေမြေအခြေအနေ၊ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသောဆည်တမံလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ပံ့ပိုးထောက်ကူပြုမှု အခြေအနေများအရ နိုင်ငံအတွင်းရှိစိုက်ပျိုးရေးလုပ်ငန်းများ မြင့်မားသည်ထက် ပိုမိုမြင့်မားလာသည်ကို တွေ့မြင်နေရသည်။

ယင်းကဲ့သို့ မြင့်မားတိုးတက်နေစေရန်အတွက် ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်၌ တည်ဆောက်ပြီးစီးသွားသည့်ငမိုးရိပ် ရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၆ရက်နေ့က ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပေသည်။

ငမိုးရိပ် ရေထိန်းတံခါးသည် နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ယူပြီးသည့်နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ၁၇၁ခုမြောက် ဆည်မြောင်းတာတမံ စီမံကိန်းဖြစ်သည်။ ရန်ကုန်တိုင်းအနေဖြင့် ၁၅ခုမြောက်ဆည်မြောင်းတာတမံ စီမံကိန်းလည်းဖြစ်သည်။

ရန်ကုန်တိုင်းတွင် ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းတွင်လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့ ပါဝင်နေသည်။ ငမိုးရိပ်ရေထိန်းတံခါးကိုတည်ဆောက်နိုင်ခဲ့သဖြင့် ယင်းဒေသများတွင် ချောင်းအတွင်း ရေချိုသိုလှောင်၍ ချောင်းဘေးဝဲ၊ယာတွင်နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေးသာမက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးပါ အထောက်အကူပြုနိုင်တော့မည် ဖြစ်သည်။

အဆိုပါ ငမိုးရိပ် ရေထိန်းတံခါးအပြင် ငမိုးရိပ်ရေလှောင်တမံကို လှည်းကူးမြို့နယ်တွင် ၁၉၉၅ခုနှစ်ကတည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး စိုက်ပျိုးရေများပေးဝေကာ စိုက်ပျိုးသီးနှံအထွက်တိုးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယခုတစ်ဖန် ငမိုးရိပ်ဆည်ရေသောက်စနစ်မှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းလက်တက်မှ စီးဆင်းလာသောရေများနှင့် စိုက်ကွင်းများမှ စီးဆင်းလာသော ပိုလျှံရေများကို ငမိုးရိပ်ချောင်းတွင် သိုလှောင်ထားနိုင်ရန် ငမိုးရိပ်ရေထိန်းတံခါးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အဆိုပါချောင်းရေကို ရေစုပ်စက်များဖြင့် ရေတင်ပြီး နွေစပါး ၅၈၉၅ဧကအတွက်စိုက်ပျိုး ထုတ်လုပ်မှုအထွက်တိုးအောင် စီမံဆောင်ရွက်ပေးထားသည်။ မိုးရာသီတွင် ရေထိန်းတံခါးကိုပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍကို အခြေခံပြီး စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်စိုက်ပျိုးရေးကဏ္ဍ၏ အခြေခံလိုအပ်ချက်ဖြစ်သော ဆည်မြောင်းတာတမံလုပ်ငန်းများကို စဉ်ဆက်မပြတ်တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်ခဲ့သော ရေထိန်းတံခါး၏ အကျိုးကျေးဇူးကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြေသယံဇာတ၊ ရေသယံဇာတများကို အပြည့်အဝအသုံးချနိုင်သည့် ပံ့ပိုးဖြည့်ဆည်းပေးမှုများရရှိလာကာ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံကာ ဖန်တီးဖော်ဆောင်ပေးခဲ့သည့်ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်ရန်အတွက်ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူငယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် လူငယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်သစ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သဃ်္ဃန်းကျွန်းမြို့နယ် ဦးစီးမှူး ဒေါ်မြင့်မြင့်မော်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ ဆွေးနွေးပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲ စာအောင်အရှင်သူမြတ်များအား စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၈၇)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်အရှင်သူမြတ် ရှစ်ပါးတို့အား စေတိယင်္ဂဏ အဘိဝံသဘွဲ့ လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် စာအောင်ဆုနှင်းသဘင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈နာရီ ၄၅မိနစ်က ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က ဂုဏပူဇာ ဇယမင်္ဂလာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ငါးပါးသီလခံယူ

ယင်းနောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ စေတိယင်္ဂဏနာယက သြဝါဒါစရိယဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အရှင်သူမြတ်ထံမှ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်

ထို့နောက် (၈၇)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်အရှင်သူမြတ် ရှစ်ပါးတို့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုနှင့် တာဝန်ရှိသူများက အဘိဝံသ ဘွဲ့လက်မှတ်များကိုလည်းကောင်း၊ ဆရာတော် သံဃာတော်များနှင့် စာအောင်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၆ရက်က မရမ်းကုန်း မြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း မိဘဆရာ အသင်းအစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် အဆင့် ဘက်စုံ ထူးချွန် တတိယ၊ စာပေဘာသာထူးချွန် တတိယနှင့် ကျောင်းလုပ်ငန်းထူးချွန် ဒုတိယဆုရ စတုတ္ထတန်းမှ မဖူးပွင့်ငြိမ်းအား ကျောင်းအုပ်ဆရာကြီး ဦးမြသန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညနေပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Technology (တတိယနှစ်-သမိုင်း)
၅:၃၅ ၉ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးတွေ့မွေးနေဆဲ"** (အပိုင်း-၁၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း-၃)

အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာရေး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပဓာနကျ စိုက်ပျိုးရေရရှိရေး ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးလျက်ရှိ

(ရှေ့ဖုံးမှအဆက်)

အထူးဝါယမစိုက်ထုတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး၏ လူမှုဘဝ ခိုင်မာမြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် အထူးဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် အမျိုးသား စီးပွားရေးဘဝ တိုးတက်မြင့်မား တောင့်တင်းခိုင်မာရေးသည် အခြေခံကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတွင် လယ်ယာကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။

စီးပွားရေးကဏ္ဍကြီးဖြစ်

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာ ဖြည့်ဆည်းရေးအတွက်သာမက လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပါ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့် အရေးပါသော စီးပွားရေးကဏ္ဍကြီး ဖြစ်ပါသည်။

အထူးအလေးထား

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံလျက် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားမည့် အမျိုးသားစီးပွားရေးမူဝါဒကို ချမှတ်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား အားပေးဆောင်ရွက်လျက် ရှိပါသည်။

တိုးတက်စေရေး

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ၊မြေ၊ သဘာဝသယံဇာတ စွမ်းအားများကို အစွမ်းကုန် ဖော်ထုတ်မြှင့်တင်၍သော်လည်းကောင်း၊ စက်မှုစွမ်းအား အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးမြေ တိုးချဲ့ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်စေရေးတို့ကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

အားပေးဆောင်ရွက်

ထို့အပြင် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများ၊ သဘာဝမြေဩဇာနှင့် ဓါတ်မြေဩဇာများ အသုံးပြုလျက် သီးနှံအထွက်နှုန်း တိုးတက်စေရန်နှင့် သီးနှံအရည်အသွေး မြင့်မားစေရန်လည်း နိုင်ငံတော်က စီမံပံ့ပိုးအားပေးဆောင်ရွက်လျက် ရှိပါသည်။

ဖြန့်ကြက်တည်ဆောက်ပေး

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါး စသည်များ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ယခုအချိန်အထိ ဆည်မြောင်းတာတမံပေါင်း ၁၇၁ခုကို နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၈၉၄၀၀ခန့် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ ဒသမ ၃သန်းကျော်ကို အကျိုးပြုစေလျက် ရှိပါသည်။ ဆက်လက်၍ ဆည်တမံ စီမံကိန်းပေါင်း ၃၆ခုကိုလည်း တည်ဆောက်နေဆဲ ဖြစ်ပါသည်။

အကျိုးပြုလျက်ရှိ

စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းတွင် မြစ်ရေတင်စီမံကိန်းများ ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၇၁ခု ဖြစ်ထွန်းလာခဲ့ပြီး တစ်ကွင်းတစ်စပ်တည်း လယ်ယာမြေဧက သုံးသိန်းကျော်ကို အကျိုးပြုလျက်ရှိနေပြီ ဖြစ်ပါသည်။

သီးနှံစိုက်စွမ်းအားတိုးတက်လာ

ယင်းသို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေ တိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှ ကြံဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့သဖြင့်လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့်လည်းကောင်း၊ ရွှေ့ပြောင်း တောင်ယာများအား လှေကားထစ် လယ်ယာများအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းကြောင့်လည်းကောင်း နွေစပါးအပါအဝင် တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီး သီးနှံစိုက်ပျိုးသည့် ဧရိယာများ တိုးပွားများပြားလာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအားမှာလည်း ၁၅၁ရာခိုင်နှုန်းအထိ တိုးတက်လာမှုကြောင့် စုစုပေါင်းစိုက်ဧက ၄၁ ဒသမ ၃ သန်းအထိ ရရှိခဲ့ပြီဖြစ်ပါသည်။

အစီအမံများချမှတ်

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချထုတ်လုပ်နိုင်ရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲလုပ်ကိုင်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများကို အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

စီမံဆောင်ရွက်ပေး

ထို့အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်တွဲလျက် အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး ကျေးလက်စီးပွားရေး တိုးတက်ဖြစ်ထွန်းစေရန် အားပေးဆောင်ရွက်မှုများ အပါအဝင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်၍ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည့်ဝအောင်မြင်ရေး

ဤကဲ့သို့ နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေး၊ တောင်သူလယ်သမားကြီးများ မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ပေးနေသည့် အခြေအနေ အချိန်အခါကောင်းတွင် တောင်သူလယ်သမားကြီးများကလည်း မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒအပေါ်တွင် မြဲမြဲစွာရပ်တည်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်လျက်ရှိပါသည်။

မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်

ထို့အပြင် ပြည်သူများ၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်လျက် ပထမဆုံးအဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိပါသည်။

ကြိုးပမ်းထမ်းဆောင်လျက်ရှိ

ဤကဲ့သို့ အမျိုးသားညီလာခံကြီးကျင်းပ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးကြရာတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များလည်း တစ်တပ်တစ်အား ပါဝင်တက်ရောက်ကြလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေး အမျိုးသားရေးတာဝန်ကြီးကို အခြားသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် လက်တွဲ၍ ကြိုးပမ်းထမ်းဆောင်လျက်ရှိနေကြပြီ ဖြစ်ပါသည်။

လေးနက်စွာတိုက်တွန်း

သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေးကို ရှေးရှုလျက် နိုင်ငံတော်၏အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်ရန်လည်းကောင်း တောင်သူလယ်သမားကြီးများက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

ကမ္ဘာ့ပထမဆုံး နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေးစာချုပ် လူ့အသက် သန်းပေါင်းများစွာကို ကယ်တင်ပေးနိုင်မည်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၇

ကလေးငယ်များ ဆေးလိပ်မသောက်ရန် တိုက်တွန်းဖျောင်းဖျပြီး လူကြီးများဆေးလိပ်ဖြတ်ရာ၌ အထောက်အကူဖြစ်စေရန် ရည်ရွယ်သော ကမ္ဘာလုံးဆိုင်ရာ စာချုပ်သည် တနင်္ဂနွေနေ့၌ ဥပဒေအဖြစ် စတင်အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ကမ္ဘာ့ပထမဆုံးဖြစ်သော အဆိုပါနိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး စာချုပ်သည် စီးကရက်အထုပ်များတွင် သတိပေးချက်များကို ပြင်းပြင်းထန်ထန် ဖော်ပြခြင်းနှင့် ဆေးရွက်ကြီးကြော်ငြာခြင်းနှင့် ကမကထပြုခြင်းတို့ကို ပိတ်ပင် တားမြစ်ခြင်းဖြင့် လူ့အသက် သန်းပေါင်းများစွာကို ကယ်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ပြောကြားသည်။

သေဆုံး

ဆေးရွက်ကြီးအသုံးပြုမှုလျော့နည်းစေမည့်လုပ်ငန်းများနှင့် ဆွဲဆောင်မှု လျော့နည်းစေမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ရန် နိုင်ငံများအားလုံးကို မိမိအားပေးကြောင်း ဒဗလျူအိပ်ချ်အိုညွှန်ကြားရေးမှူးချုပ် လီယွန်ဝါခ်က ပြောကြားသည်။ သွေးတိုးရောဂါပြီးလျှင် ကမ္ဘာ၌ ဟန့်တားအကာအကွယ်ပေးနိုင်သောလူကို ဒုတိယအများဆုံး သေဆုံးစေသည့် ဆေးရွက်ကြီး ကြောင့် တစ်နှစ်လျှင် လူ ၄ ဒသမ ၉ သန်း သေဆုံးကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

ဆေးရွက်ကြီးကြောင့်ဖြစ်သော အဆုတ်ကင်ဆာ၊ နှလုံးရောဂါတို့ တစ်နှစ်လျှင်စုစုပေါင်း သေဆုံးသောအရေအတွက်သည် ၂၀၂၀ပြည့်နှစ်၌ ၁၀ သန်း ကျော်ရှိနိုင်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သေဆုံးမှု ၇၀ ရာခိုင်နှုန်းဖြစ်နိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ဆက်လက်ပြောကြားသည်။

၂၀၀၃ခုနှစ် မေလ၌ ဒဗလျူအိပ်ချ်အိုအဖွဲ့ဝင် ၁၉၂နိုင်ငံက အတည်ပြုခဲ့သော အဆိုပါစာချုပ်သည် (၄၀)မြောက် နိုင်ငံက ယင်းစာချုပ်ကို ထောက်ခံ အတည်ပြုခဲ့ပြီးနောက် ရက် ၉၀အကြာ တနင်္ဂနွေနေ့၌ ဥပဒေအဖြစ် ရောက်ရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံခြား သတင်းများ

အနောက်အာရှဒေသမတည်ငြိမ်ရန် အမေရိကန်ဖြစ်စေလိုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

နယူးဒေလီ ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စုသည် အနောက်အာရှဒေသကို ယင်း၏တစ်ဖက် သတ်ဝါဒဖြင့် မတည်မငြိမ်ဖြစ်စေလိုကြောင်း အီရန်နိုင်ငံက ဗုဒ္ဓဟူးနေ့တွင် အမေရိကန်ပြည်ထောင်စုကို ပြင်းပြင်းထန်ထန်ပြောဆိုလိုက်ပြီး ဒေသအတွင်း အင်အားသုံးခြင်း မလုပ်ရန်လည်း အမေရိကန်ပြည်ထောင်စုကို သတိပေး လိုက်သည်။

အမေရိကန်ပြည်ထောင်စု၏ တစ်ဖက်သတ်ဝါဒသည် ဒေသအတွင်းရှိ နိုင်ငံများကို အမှန်တကယ်ပင် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီး ကမာလ်ခါရာဇီက အိန္ဒိယခရီးစဉ်အပြီးတွင် ပြောကြားခဲ့သည်။

ပြောကြား

အမေရိကန်ပြည်ထောင်စု၏ အန္တိမရည်ရွယ်ချက်မှာ ဒေသအတွင်းရှိ နိုင်ငံများ မတည်မငြိမ်ဖြစ်စေရန်ဖြစ်ကြောင်း ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယ ကောင်စီ၌ မိန့်ခွန်းပြောကြားစဉ် ခါရာဇီက ပြောကြားခဲ့သည်။

သံသယဖြစ်

အမေရိကန်ပြည်ထောင်စုသည် အဏုမြူလက်နက်များကို အီရန်နိုင်ငံ တီထွင်ထုတ်လုပ်နေကြောင်း သံသယဖြစ်လျက်ရှိပြီး အီရန်နိုင်ငံအား စစ်ရေးအရ အရေးယူမည့်ကိစ္စကို ငြင်းပယ်ခြင်းမပြုဘဲရှိသည်။

သတိပေး

အီရန်နိုင်ငံက ယင်းနျူကလီးယား အထောက်အကူပြုမှုများကို မတိုက် ခိုက်ရန် အမေရိကန်ပြည်ထောင်စုကို ထပ်ခါတလဲ သတိပေးထားပြီး ဥရောပနိုင်ငံ များနှင့် ဆွေးနွေးမှုများက အငြင်းပွားမှုကို ဖြေရှင်းပေးမည့် သဘောတူချက် တစ်ရပ် ရဖွယ်ရှိကြောင်း ပြောဆိုထားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်တွင် နို့ထွက်ပစ္စည်း တိုးတက်ထုတ်လုပ်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီး ဌာနတို့သည် လွန်ခဲ့သည့် သုံးနှစ်က နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် သုတေသနနှင့် တီထွင်မှုပြုရန် ယွမ် ၄၀၅သန်း (အမေရိကန်ဒေါ်လာ၄၈ဒသမ ၈သန်း) ကို သုံးစွဲခဲ့ကြောင်း တာဝန်ရှိ သူတစ်ဦး က တနင်္လာနေ့တွင် ပြောကြားသည်။

ထိုရင်းနှီးမြှုပ်နှံမှုသည် နို့ထွက် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် ၁၅ ရာခိုင်နှုန်း တိုးတက်စေပြီး လယ်သမား များအတွက် ထပ်တိုးဝင်ငွေ ယွမ် ၅ ဒသမ ၉၁၈ဘီလီယံရရှိစေခဲ့သည်ဟု ၎င်းကပြောကြားသည်။

နို့ထွက်ပစ္စည်းလုပ်ငန်း၏ အဓိ ကနည်းပညာဆိုင်ရာ စီမံကိန်းသည် ၁၉၄၉ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တည်ထောင်ခဲ့ပြီးသည့် နောက် ပိုင်း အကြီးဆုံးနှင့် ကုန်ကျစရိတ် အများဆုံးဖြစ်ကြောင်း စီမံကိန်းကြီး ကြပ်သူ ဂူစီဝေက ပြောကြားသည်။

၂၀၀၂ခုနှစ်ကစပြီး သိပ္ပံနှင့် နည်း ပညာဝန်ကြီးဌာနသည် သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်း ၂၆ခု အတွက် လုပ်ငန်းလေလံခေါ်ယူခဲ့ရာ နိုင်ငံတွင်းရှိ ထိပ်တန်းနို့ထွက်ပစ္စည်း လုပ်ငန်း၁၀ခုအပါအဝင် ကုမ္ပဏီ၊ တက္ကသိုလ်နှင့် သုတေသနဌာနပေါင်း ၇၆ခုတို့ကို ဆွဲဆောင်နိုင်ခဲ့သည်။

၂၀၀၂ခုနှစ်တွင် တရုတ်နိုင်ငံ၌ လူတစ်ဦးကျ ပျမ်းမျှအသားစားနှုန်းမှာ ၅၁ ဒသမ ၁၇ကီလိုဖြစ်ပြီး ကြက်သား စားသုံးနှုန်းမှာ ၁၆ ဒသမ ၁ကီလိုဖြစ် သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြင်သစ်နှင့် မလေးရှားနိုင်ငံများသို့ တင်ပို့မည့် မာဟင်ဒရာ အင်မာ ဟင်ဒရာ ကုမ္ပဏီက အသစ်ထုတ်လုပ်ထားသော မော်တော်ကားသစ် တစ်စီးအား အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ပြသ ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုဘုရှ်ကိုင်တွယ်ပုံ ထောက်ခံမှုလျော့ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်၏ အီရတ်နိုင်ငံအား ကိုင်တွယ်ဆောင်ရွက်ပုံကို ထောက်ခံအတည်ပြုသူ ၄၀ ရာခိုင် နှုန်းမျှသာရှိရာ လွန်ခဲ့သည့်လက ရှိခဲ့သည့် ၄၅ ရာခိုင်နှုန်းမှ လျော့ကျခဲ့ပြီး သမ္မတ၏ ဘက်စုံထောက်ခံ အတည်ပြုနှုန်း မှာလည်း ဇန်နဝါရီလ၌ ၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၄၆ ရာခိုင် နှုန်းသို့ လျော့ကျခဲ့သည်ကို ကြာသပတေးနေ့၌ ထုတ်ပြန်ခဲ့ သော လူထုသဘောထား စစ်တမ်း၌ ဖော်ပြထားသည်။

လူထုသဘောထားစစ်တမ်းကို ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ရာတွင် ၄၇ ရာခိုင်နှုန်းက ဇန်နဝါရီလ ၃၀ ရက်၌ အီရတ်တွင်ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အီရတ်၌ အခြေအနေ ပိုမိုတည်ငြိမ်မှုရှိစေမည်ဟု ပြောဆိုခဲ့ကြသည်။

လူထုသဘောထား စစ်တမ်းကို လူ ၁၅၀၂ ဦးအား ဖေဖော်ဝါရီလ ၁၆ရက် မှ ၂၁ ရက်ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၅၄ရာခိုင်နှုန်းက အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ နောက်ထပ် နှစ်နှစ် ရှိနေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြ သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟီလ်လာမြို့တွင် ကားဗုံးဖောက်ခွဲ လူ ၁၂၅ဦးသေဆုံး၊ ၁၅၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁

ရဲတပ်ဖွဲ့ဝင်သစ်များ ကျန်းမာရေးဆေးစစ်ခံရန် စောင့်ဆိုင်း နေသော ဟီလ်လာမြို့တွင် တနင်္လာနေ့က အသေခံကားဗုံးဖောက်ခွဲမှု ကြောင့် လူ ၁၂၅ဦးသေဆုံးသွားပြီး ၁၅၀ကျော်ဒဏ်ရာရခဲ့ကြောင်း အီရတ်အစိုးရနှင့် ကျန်းမာရေးအရာရှိများက ပြောကြားသည်။ အဆိုပါကားဗုံးသည် အစိုးရရုံးတစ်ရုံးအပြင်ဘက်၌ ပေါက်ကွဲခဲ့ ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အစိုးရရုံးမှာ အရောင်းအဝယ်စည်ကားသော ဈေးတစ်ဈေးအနီး၌ရှိပြီး သေဆုံးဒဏ်ရာရသူများထဲတွင် ရဲတပ်ဖွဲ့ဝင်သစ်မည်မျှ ပါသည်ကို ရဲအဖွဲ့က အသေအချာမသိရဟုဆိုသည်။

ဒုတိယကားဗုံးတစ်လုံးသည် ဟီလ်လာမြို့မြောက်ဘက် မူဆေယစ်၌ ပေါက်ကွဲခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် ဒဏ်ရာရသူများရှိ ကြောင်း၊ သို့သော်အသေးစိတ်မသိရကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့ဝင်သစ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ခုခံတိုက်ခိုက်ရေးသမားများ၏ မကြာခဏပစ်မှတ်ဖြစ်ခဲ့ကြရသည်။ ၂၀၀၄ခုနှစ် စက်တင်ဘာ ၄ရက်၌ အလားတူတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သစ် ၄၇ဦးသေဆုံးခဲ့ရသည်။ **(အင်တာနက်)**

စစ်ဆေး

မိုဆူးလ်မြို့တွင် ရေနံတင်ယာဉ် တစ် စီးပေါ် တက်ပြီး ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်လီဖိုးနီးယားခရိုင်အတွင်း လျှောက်သွားနေသောကျား ရှာဖွေရေးအဖွဲ့ဝင်များက အသေပစ်သတ် ဖမ်းဆီးခဲ့ရ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားခရိုင်အတွင်း၌ ရက်ပေါင်းများစွာ ပုန်းအောင်း သွားလာနေသော ဖမ်းဆီးမရအောင်ဖြစ်နေသည့် ကျားတစ်ကောင်ကို နောက်ဆုံး၌ပစ်သတ်ခဲ့ရကြောင်း၊ သို့ရာတွင် အဆိုပါကျားသည် မည်သည့်နေရာက ရောက်ရှိလာသည်မှာ ထူးဆန်းနေကြောင်း အရာရှိ များက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ပေါင် ၄၀၀မှ ၆၀၀ထိလေးသော အဆိုပါ ကျားအား ရော်နယ်ရေဂင်သမ္မတ စာကြည့်တိုက် အနီး ဗင်တူရာခရိုင်တွင်ရှိသော အမှတ် (၂၃)အဝေး ပြေးလမ်းမကြီးဝန်းကျင် လျှိုမြောင်များအတွင်းနှင့် အိမ်နောက်ဘက်များတွင် နေ့ဘက်၌လျှောက်သွား နေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

ယခုလအစောပိုင်း၌ ယင်းဒေသအတွင်း နေထိုင်သူများက ကျားခြေရာများကို တွေ့ရှိရ ကြောင်း သတင်းပို့ခဲ့သဖြင့် ကျားတစ်ကောင် လွတ်မြောက်နေခဲ့ကြောင်းကို သတိပေးချက်များ ထုတ်ပြန်ပေးထားခဲ့ရသည်။

ယင်းဒေသသို့ ရှာဖွေရေးအဖွဲ့များစေလွှတ် ခဲ့ရာ ရှာဖွေရေးအဖွဲ့တာဝန်ရှိသူများက ကျားကို ဖမ်းရန်အတွက် အစာထောင်ချောက်ဆင်ခဲ့ကြ ပြီး ရဲရဟတ်ယာဉ်တစ်စင်းကလည်း ပါဝင်ရှာဖွေ ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းရှိ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရေဝတီ တံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ကန်တော်ကြီး လူထု အပန်းဖြေဥယျာဉ် တည်ဆောက်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင် ရွက်သွားရန်နှင့် ဆွဲဆောင်မှုရှိသည့် သာယာလှပသော ဥယျာဉ်ကြီးဖြစ် အောင် တည်ဆောက်သွားရန် မှာကြား သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် တတိယအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲမှ ပြခန်းများ၊ ဆိုင် ခန်းများကိုလည်းကောင်း၊ ကန်တော် ကြီး လူထုအပန်းဖြေဥယျာဉ် တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ သည် ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း မန္တလေး ဘက်ကမ်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူ များက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရေဝတီ တံတား (ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြပြီး မန္တလေးဘက် ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးဌေးမြင့်နှင့် စစ်ကိုင်းဘက် ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးစန်းဝင်းတို့က ချဉ်းကပ် တံတား တည်ဆောက်ရေးလုပ်ငန်း များ၊ ပင်မတံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေ များ၊ ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်း များ၊ တံတားသံပေါင်ရောက်ရှိမှု များကို ရှင်းလင်းတင်ပြကြသည်။

မျက်ခြည်မပြတ်ကြီးကြပ်ကွပ်ကဲ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တံတားတည်ဆောက် ရေးလုပ်ငန်းများကိုစနစ်တကျအကောင် အထည်ဖော် ဆောင်ရွက်ရန် လိုအပ် သကဲ့သို့ လက်ရှိအသုံးပြုလျက်ရှိသော အင်းဝတံတားကြီး ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများကိုလည်း ကောင်း၊ RP-1 နှင့် RP-2 ကြား တံတားသံပေါင် တပ်ဆင်ပြီးစီးမှုများ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြ သည်။

ဆက်လက်၍ စစ်ကိုင်းဘက် ကမ်းသို့ရေယာဉ်ဖြင့်သွားရောက်ကြပြီး ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုကြ သည်။

ထို့နောက် စစ်ကိုင်းဘက်ကမ်း သို့ ရောက်ရှိကြပြီး RP-7နှင့် RP -8 ကြား တံတားသံပေါင်တပ်ဆင်ပြီးစီး မှုများနှင့် ချဉ်းကပ်တံတားတည် ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက် ကမ်းရှိ တံတားပေါ်၌ ကွန်ကရစ်ရက်မ များတင်ပြီးမှုနှင့် ဆောင်ရွက်လျက် ရှိသည့် တံတားတည်ဆောက်ရေး လုပ်ငန်းများကို တက်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းဘက် ကမ်း တံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အင်းဝတံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကာ မန္တလေးဘက်ကမ်းသို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ရစ်လမ်းသွား ကမ်းနား လမ်းမကြီးနှင့် တိုးချဲ့မြို့ပတ်လမ်းမ ကြီး ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုများ ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ဝင်ရောက်ပြီး မန္တလေး တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်မှ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင် များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရေဝတီတံတား (ရတနာပုံ) မန္တလေး ဘက်ကမ်းရှိ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ရေဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်း RP -7နှင့် RP-8 အကြား ကွန်ကရစ်ရက်မများတင်ပြီးမှုကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

2-3 (05).p65 1 3/27/05, 10:27 AM

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

ကြည့်ရှု စစ်ဆေး

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများ၊ တော်လှန်ရေးပန်းခြံနှင့် မြို့မကွင်းလှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ၊ တော်လှန်ရေးပန်းခြံနှင့် မြို့မကွင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများ တည်းခိုသည့် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ရောက်ရှိလာကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်ညီထွန်း၊ စစ်ကြောင်းမှူးများနှင့် တပ်ရင်းမှူးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဧည့်ခန်းမဆောင်၌နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား စခန်းအုပ်ချုပ်ရေးတာဝန်ခံ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်) တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က စခန်းအတွင်း စစ်ရေးပြစစ်ကြောင်းများ နေရာချထားပေးမှု၊ သက်သာချောင်ချိရေး အရောင်းဆိုင်များ ဖွင့်လှစ်ထားမှုနှင့် အုပ်ချုပ်မှုဆိုင်ရာများ စီစဉ်ဆောင်ရွက်ပေးမှုတို့ကိုရှင်းလင်းတင်ပြပြီး အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများက စစ်ရေးပြလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြ တပ်မတော်သားများ နေထိုင်စားသောက်မှု အဆင်ပြေ ချောမွေ့စေရေး၊ စည်းကမ်းတကျ သွားလာနေထိုင်စေရေး၊ ကျန်းမာကြံ့ခိုင်စွာ စစ်ရေးပြ လေ့ကျင့်နိုင်ရေးတို့အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပစ္စည်းရောင်းချပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲ တပ်ခွဲရုံး၊ အိပ်ဆောင်နှင့် သက်သာချောင်ချိရေး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးစစ်ရေးပြတပ်မတော်သားများ စနစ်တကျ တည်းခိုနေထိုင်နိုင်ရေးနှင့် အရောင်းဆိုင်များအနေဖြင့် စစ်သည်များအတွက် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာ ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စစ်ရေးပြကွင်း၌ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၏ စုပေါင်းစစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြ တပ်မတော်သားများ နေထိုင် စားသောက်မှု၊ ကျန်းမာကြံ့ခိုင်မှုနှင့် သက်သာချောင်ချိရေး စသည့် အုပ်ချုပ်မှု ကိစ္စရပ်များ အဆင်ပြေ ချောမွေ့စေရန်အတွက် မိမိတို့ ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ကော်မတီအသီးသီးတို့က လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အလားတူစစ်ရေးပြတပ်မတော်သားများအနေဖြင့်လည်းစိတ်ဓာတ်စည်းကမ်းပြည့်ဝစွာဖြင့် စစ်ရေးပြအဆင့်အတန်း အရည်အသွေးမြင့်မားရေးကို ဦးတည် ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက တော်လှန်ရေးပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းများ စုရပ်ဖြစ်သည့် မြို့မကွင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက မြို့မကွင်းအတွင်း မွမ်းမံပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မြို့မကွင်းအတွင်း မြဝတီစစ်ကြောင်းမှ တပ်မတော်သားများ စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိတ်ဓာတ်မြင့်မား တက်ကြွစွာဖြင့် စစ်ရေးပြ အဆင့်အတန်း ပိုမိုကောင်းမွန်အောင်လေ့ကျင့်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက်နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မြဝတီစစ်ကြောင်းတည်းခိုသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင် ဧည့်ခန်းမ၌ မြဝတီစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေက စစ်ရေးပြတပ်ခွဲများနေရာချထားမှု၊စစ်ရေးပြလေ့ကျင့်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ စစ်ရေးပြတပ်မတော်သားများ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာရေး၊ စစ်ရေးပြပိုမိုကောင်းမွန်ရေး တို့အတွက် တာဝန်ရှိသူများက အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ၍ကျန်းမာကြံ့ခိုင်ရေးအတွက်ဂရုပြုဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မြဝတီစစ်ကြောင်း သက်သာချောင်ချိရေးအရောင်းဆိုင်များ၊ဆက်ဆံရေးစခန်းနှင့် စစ်ရေးပြတပ်ခွဲအိပ်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ညနေ ၄ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ဇာနည်မောင့်အတွက်စကားလက်ဆောင် ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မေဇော်၏ ဝတ္ထုဇာတ်ညွှန်းကို ဆန်းဆန်းဦး စီစဉ်ထုတ်လွှင့်လိုက်သည့် **“ဇာနည်မောင့်အတွက် စကားလက်ဆောင်”** ရေဒီယို မဂ္ဂဇင်း၊ ဆောင်းပါး သရုပ်ဖော်ကို မတ် ၁၁ ရက် ညနေ ၅ နာရီခွဲနှင့် မတ် ၁၂ ရက် နံနက် ၁၁ နာရီ၃၅မိနစ်တွင် မြန်မာ့အသံက ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို

ရန်ကုန် မတ် ၁

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး မွမ်းမံထိန်းသိမ်းထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁

လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပန်းခြံလမ်းရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် မတ် ၂ ရက်တွင် ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက်၏ ဆွမ်းအောင်ပွဲ၊ မတ် ၃ ရက်တွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက် ရန်ကင်း ရန်ရှင်း ရန်မြို့လမ်းတို့၏ ဝိဇယဓမ္မာရုံ၏ ဆွမ်းအောင်ပွဲ၊ မတ် ၅ရက်တွင် ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် ပန်းခြံ ၂၇ လမ်းမိသားစုဓမ္မပူဇာပွဲ၊ မတ် ၁၇ ရက်နှင့် မတ် ၁၈ ရက်တို့တွင် ကျောက်တန်းမြို့နယ် ကုလားတန်းကျေးရွာနေ ဦးအောင်မြင့်–ဒေါ်စန်းစန်းဦးတို့၏ ရှင်ပြုအလှူတော်မင်္ဂလာပွဲ၊ မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျောက်တန်းမြို့နယ် ကုလားတန်းကျေးရွာနေ ဦးသောင်းတင်–ဒေါ်သောင်းရွှေတို့၏ ရဟန်းခံ ရှင်ပြု အလှူတော်မင်္ဂလာပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

ရွှေပြည်ဟိန်းကျောင်းဆောင် အလှူတော်ငွေလှူဒါန်း

ရန်ကုန် မတ် ၁

မန္တလေးမြို့ စောင်းကောက် ဦးချစ်ဆွေ–ဒေါ်မိမိခင် မိသားစုတို့က ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ တည်ဆောက်အပ်သော ရွှေပြည်ဟိန်း ဓမ္မသဘာကျောင်းဆောင်အတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို ရွှေပြည်ဟိန်းဆရာတော် ပိဋကတ်တစ်ပုံခွဲဆောင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ အရှင်ခေမာသိရီလင်္ကာရထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့အား အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းအားလုံး ပြည်သူနှင့်တစ်သားတည်းနေထိုင် ပြည်သူများ၏အကျိုးစီးပွား မျက်ခြည်မပြတ်ဖော်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးစက်မှုဇုန်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်ခုတ်စားအလုပ်ရုံနှင့် သံရည်ကျိုအလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုသို့ တွေ့ဆုံရာတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က မန္တလေးတိုင်း၏ စိုက်ပျိုးမြေဧကအကျယ်အဝန်း၊ အဓိကသီးနှံများစိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ချက်များ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုများ၊ နွေစပါးစိုက်ပျိုးရန် စီစဉ်ထားမှုများ၊ မိုးစပါးဧက ၁၀သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် စီမံထားမှု၊ ဒေသဆန်ဖူလုံမှု ၆၇ ရာခိုင်နှုန်းကျော်အထိ ရရှိလာသည့်အခြေအနေများ၊ ဆီဖူလုံမှု ၁၈၀ ရာခိုင်နှုန်းကျော်အထိ ရရှိနေမှုများ၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နိုင်မှုများနှင့် အကျိုးပြုမည့် စိုက်ဧကများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ကာလတို စီးပွားရေးစီမံကိန်းကာလအလိုက် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုအခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးတန်ဖိုးပမာဏတွင် မန္တလေးတိုင်း၏ ပါဝင်နေသည့် အချိုးအဆများ၊ မန္တလေးတိုင်း၏ စီးပွားရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဖွံ့ဖြိုးနိုင်ရန် အလားအလာအခြေအနေကောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မိမိတို့အဖွဲ့သည် စစ်ကိုင်းတိုင်းမှတစ်ဆင့် မန္တလေးတိုင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၏ လက်တွေ့တိုးတက်ဖွံ့ဖြိုးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့လာရောက်စဉ် တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

မိမိတို့ အမျိုးသားရည်မှန်းချက် ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာ၌ သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုး လုပ်ကိုင်ဆောင်ရွက်နေ၍ မဖြစ်ကြောင်း၊ ခေတ်တစ်ခေတ်မှ

မျိုးချစ်စိတ်ဓာတ်ရှိရှိ စေတနာထား အားထည့်လုပ်ဆောင်

- ❒ မန္တလေးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကအားထားရသော တိုင်းကြီးတစ်တိုင်းဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားရန် အထူးလိုအပ်၊
- ❒ မန္တလေးတိုင်း မန္တလေးမြို့တော်မှာလည်း နိုင်ငံတော်၏ ဒုတိယမြို့တော်ဖြစ်၍ စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို အဆင့်မြင့်ကော်မတီအဖြစ် သီးခြားဖွဲ့စည်း တာဝန်ပေးအပ်ထားကြောင်း၊ ထို့ကြောင့် မန္တလေးမြို့ကို မြို့တော်အင်္ဂါရပ်များနှင့်အညီ စနစ်ရှိရှိ စည်းကမ်းတကျဖွံ့ဖြိုးတိုးတက်နေအောင် စီမံအားထုတ်လုပ်ကိုင်ကြရန်လိုအပ်၊
- ❒ မန္တလေးမြို့တော်အပါအဝင် မန္တလေးတိုင်း တစ်တိုင်းလုံး၏ တိုးတက် ဖွံ့ဖြိုးမှု အားကောင်းနေအောင် ဒေသတာဝန်ခံများနှင့် ဝန်ထမ်းများက မျိုးချစ်စိတ်ဓာတ်ရှိရှိ စေတနာထားပြီး အားထည့်လုပ်ဆောင်။

ဝင်ငွေနည်းပါးသူများ ရေရှည်ဘဝအာမခံချက်ရရှိရေး လုပ်ငန်းဆောင်ရွက်နေသူများနှင့် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တွေ့ဆုံ

ရန်ကုန် မတ် ၁

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် တွင် ဘိုကလေးမြို့သို့ရောက်ရှိပြီး ဘိုကလေးမြို့နယ် အစည်းအဝေးခန်းမ၌ ဝင်ငွေနည်းပါးသူများ ရေရှည်ဘဝအာမခံ ချက်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များဖန်တီးရန် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း စီမံကိန်းမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှု နောက်ဆုံးအခြေအနေများကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်း တင်ပြသည်။ ထို့နောက်ဝန်ကြီးက နယ်မြေဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မေးမြန်းပြီး လုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့နယ် ဟေမန်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာခန်းမ၌ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်း စီမံကိန်းမှ ချေးငွေရယူပြီး လုပ်ငန်း ထူထောင် ဆောင်ရွက်လျက်ရှိကြသော ရွာသူရွာသားများနှင့် တွေ့ဆုံမေးမြန်းရာ လုပ်ငန်းဆောင်ရွက်နေကြသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက တွေ့ဆုံပွဲသို့ တက်ရောက်ကြသော ရွာသူရွာသားများအား လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေး မှာကြားသည်။

(အပေါ်ပုံ)

ဆက်လက်၍ ဝန်ကြီးသည် ဟေမန်ကျေးရွာအတွင်း ဆောင်ရွက်လျက်ရှိကြသော ဈေးဆိုင်လုပ်ငန်း၊ ခနဲဖက်လုပ်ငန်း၊ ငါးကန်လုပ်ငန်း တို့ကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံထူးရှင်ဈေးချယ်

ရန်ကုန် မတ် ၁

(၁၉၄)ကြိမ်မြောက် ကျပ်၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆုကြီး

င-၃၆၄၅၃၅

ကျပ်သိန်း၅၀ ဆုများ

ဟ - ၉၄၀၁၄၉	ည - ၃၈၁၅၉၇
န - ၃၆၈၇၂၆	ဈ - ၉၉၉၈၈၁
ဋ - ၇၁၉၀၃၆	န - ၂၆၄၉၆၀
ည - ၈၇၀၆၂၆	ဟ - ၈၁၁၈၇၅
ဓ - ၃၂၃၃၈၇	ဍ - ၃၀၆၅၁၆

ကျပ် ၂၅ သိန်းဆုများ

ဈ - ၈၂၂၄၁၆	ဝ - ၉၈၇၄၉၈
စ - ၄၃၄၃၄၃	ည - ၈၈၅၆၈၅
ဋ - ၅၉၈၂၅၉	ဂ - ၁၇၂၀၉၆
အ - ၉၇၁၁၀၀	ည - ၂၇၁၁၇၇
ကက-၂၃၅၇၄၁	ယ - ၁၃၂၄၆၃
မ - ၄၀၂၂၃၅	ယ - ၂၅၉၀၇၆

ကျပ်သိန်း ၅၀
(မင်္ဂလာစုံတွဲ)ဆုများ

က - ၉၉၀၃၇၈	ဃ - ၈၁၆၀၉၃
ဗ - ၃၅၂၆၁၇	ဝ - ၇၆၇၇၉၂
လ - ၉၇၅၃၆၂	ဖ - ၅၇၇၁၇၀
ည - ၅၀၉၈၅၄	ဏ - ၄၈၀၅၅၉
ကခ -၁၃၁၁၃၄	လ - ၃၃၄၁၇၂
ထ - ၆၆၂၁၉၃	ဃ - ၅၁၁၁၁၅
င - ၇၉၆၅၅၈	ဋ - ၈၇၅၃၃၈
ဏ - ၆၂၄၈၃၅	ပ - ၃၁၃၆၇၈
ယ - ၈၂၁၈၇၇	င - ၉၈၀၃၅၇

သ-၄၉၂၁၇၁

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက ဖျော်ဖြေရေးအစီအစဉ်များ ဖြင့် တင်ဆက်လျက်ရှိရာ ယမန်နေ့ည ၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ မျိုးသန္တာ ထွန်း၊ ခိုင်နှင်းဝေတို့ပါဝင်သရုပ်ဆောင် ထားကြသည့်**'မေးဆပ်သူတို့နှလုံးသား'** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ ကြက်တောင်ရိုက် ခြင်း၊ ဂေါက်သီးရိုက် လေ့ကျင့်ခြင်း၊ အားကစားရုံအတွင်း စက်ကိရိယာများ ဖြင့် ကိုယ်ကာယလေ့ကျင့်ခြင်း၊ စားပွဲတင်တင်းနစ်ကစားခြင်း၊ဝိုင်းဖွဲ့ခြင်းလုံး ခတ်ခြင်းတို့ကိုပြုလုပ်ကြသည်။

(သတင်းစဉ်)

ရိုးရိုးကျင့် မြင့်မြင့်ကြံ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၁

ဆရာချစ်နိုင်(စိတ်ပညာ)၏ ရိုးရိုးကျင့် မြင့်မြင့်ကြံ စာအုပ်ထုတ်ဝေလိုက်ရာ သူတစ်ပါးနှင့်ဆက်ဆံရာတွင် မေတ္တာညွတ်ပြီး စိတ်ဝင်စားရမည်၊ ဖြည့်ဆည်း ကူညီပေးနိုင်သမျှ ပေးရမည်၊ အပြောအဆို၊ အပြုအမူ ချိုသာယဉ်ကျေးသည့်အလေ့အကျင့်ရှိသည်နှင့်အမျှ ဆက်ဆံရေးကောင်းမွန် ထူးချွန်သူ ဖြစ်လာမည်၊ ခေါင်းဆောင်အရည်အသွေး ပြည့်ဝသည့် ပုဂ္ဂိုလ်ဖြစ်လာမည်၊ အောင်မြင် ပျော်ရွှင်သောဘဝ ရနိုင်မည်ဟူသည့် လူငယ်အသိပညာပေး ဆောင်းပါးများ ဖော်ပြပါရှိသည်။

မဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေထားပြီး မိဘ၊ ဆရာနှင့် လူငယ်တိုင်းလက်စွဲပြုသင့်သော စာအုပ်ဖြစ်သည်။ တန်ဖိုး ကျပ်၈၀၀ဖြင့် နိုင်စာပေ ၂၂၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန် ဖုန်း- ၀၁-၃၇၉၇၇၀ က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဉ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉)နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း - ၃၇၁၃၃၉
ဖုန်း - ၃၇၉၇၆၉
ဖုန်း - ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ဖေဖော်ဝါရီ ၂၇ရက်က ရန်ကင်းမြို့နယ် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရရှိသူ မောင်မော်ဇင်ဝင်းအား ကျောင်းအကျိုးတော်ဆောင် ဒေါ်ပိုမိုမြင့်အောင်က ဆုချီးမြှင့်စဉ်။

(က-ပ)

ကမ္ဘာတစ်လွှား အားကစား

ဂျူဗင်းတပ်က ဆီနာကို သုံးဂိုးပြတ်နိုင်ပွဲရ အေစီမီလန်ကအင်တာမီလန်ကိုအနိုင်ရပြီးထိပ်ဆုံး၌ရပ်တည်

ရောမ မတ် ၁

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၆) ကို ဆက်လက်ကျင်းပရာ ဂျူဗင်းတပ်၊လာဇီယို၊ အေစီမီလန်တို့ နိုင်ပွဲများရရှိခဲ့ကြပြီး ရိုးမားက ပါလာမိုကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သည်။ နာမည်ကြီး ထိပ်တန်းနှစ်သင်းဖြစ်သော ဂျူဗင်းတပ်နှင့် အေစီမီလန်တို့နှစ်သင်းစလုံးနိုင်ပွဲများရရှိခဲ့သဖြင့် အေစီမီလန်တို့ တန်းစီဇယားထိပ်၌ ရှိနေသော်လည်း ဂျူဗင်းတပ်နှင့် အမှတ်ချင်းတူကာ အကြိတ်အနယ်ရှိနေပြီး အမှားအယွင်းမခံသည့် အနေအထားတွင် ရှိနေသည်။

ဂျူဗင်းတပ်နှင့်ဆီနာ

အမှတ်ချင်းတူနေသော်လည်း အဝေးကွင်းရလဒ်ပိုကောင်းနေသည့် အေစီမီလန်ကို ထိပ်ဆုံးနေရာပေးလိုက်ရသည့် ဂျူဗင်းတပ်တို့ကစားသည့်ပွဲတိုင်းနိုင်ပွဲရရန် လိုအပ်နေပြီဖြစ်ရာ မိမိကွင်းဒယ်လီအယ်ပီ၌ ညှော်သည်ဆီနာကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည်။ ဂျူဗင်းတပ်အသင်း ခြေစွမ်းပြကစားနိုင်ရာ ပွဲချိန် ၃၅ မိနစ်တွင် တိုက်စစ်မှူးဒယ်ပီယာရိုက အဖွင့်ဂိုးသွင်းပေးပြီးမိနစ် ၅၀ တွင် အလယ်တန်းလူရှိဆာအီမာဆင်က ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ဂျူဗင်းတပ်အသင်းမနားတမ်း ထိုးဖောက်ကစားရာမှ ပွဲချိန် ၆၃ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို ဒယ်ပီယာရိုကပင် သွင်းယူပေးခဲ့သဖြင့် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်နှင့်အေစီမီလန်

ယခုနှစ် စီးရီးအေရာသီ၌ အင်တာမီလန်၏ အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို အေစီမီလန်တို့ကြောင့် ပျက်စီးခဲ့ရပြီဖြစ်သည်။ မိမိကွင်း ဆမ်ဆီရို၌ အင်တာမီလန်တို့ လူစုံနီးပါး ထုတ်ကစားခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် အေစီမီလန်မှ ကာကာက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသွားခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ အင်တာမီလန်က ကမ်ဘီရာဆိုအစား အက်ဒရီယာနို၊ ဇနက်တီအစား ဗင်ဒါမေဒီနှင့်ဗီရွန်အစား အမ်မရီတို့ ဝင်ရောက်ကစားခဲ့သော်လည်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။

အီတလီစီးရီး အေပွဲစဉ် (၂၆) အဖြစ် အင်တာမီလန်နှင့်အေစီမီလန်တို့ ယှဉ်ပြိုင်ကစားရာ အေစီမီလန်မှ ခရက်စ်စပိုနှင့် အင်တာမီလန်မှ မီဟာလိုဗစ်တို့ ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အခြားပွဲရလဒ်များ

ဘိုလော့နာ	၀ - ၀	လီဇော်နို
ကက်ဂလီယာရီ	၃ - ၃	အတ္တလန်္တာ
လာဇီယို	၂ - ၀	ပါးမား
လက်ချီ	၁ - ၀	မက်ဆီနာ
ရက်ဂျီးနား	၁ - ၀	ချီယေဗို

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက် (အဖိတ်နေ့)
၂-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ယူးချောင်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go.

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးသရုပ်ဖော် အစီအစဉ်
၁၇း၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ ခုနှစ်)
၁၇း၁၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၄၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၉။ Discovery
၁၈း၁၅ ၁၀။ တေးဂီတအစီအစဉ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉း၂၀ ၁၄။ တစ်သက်တာ ကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့
၁၉း၃၅ ၁၅။ သားချင်းတို့စုစည်းရာပြည်ထောင်စုတိုင်းရင်းသားကျေးရွာ
၁၉း၄၅ ၁၆။ အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"မမှောင်သောအလင်း"** (အပိုင်း-၁၁)
"အချစ်သည် မျှော်လင့်ချက်"
ဖိုးသောကြာ၊ မေသဥ္ဆာဦး၊ ချိုပြုံး၊ ပွင့်နဒီမောင်၊ ဒေါ်အေးမြင့်၊ မိုးယံစွန်း၊ (ဒါရိုက်တာ- သက်တင်)

ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၆ရက်(စနေနေ့)တွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်က သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းခံရသော ကျောက်ပန်းတောင်းဇာတိဆရာတော် သံဃာတော်များအား ဂုဏ်ဝသိဋ္ဌပူဇော်ခြင်း၊ ဘွဲ့ထူး၊ ဂုဏ်ထူးရလူပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုခြင်းများနှင့် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းများပြုလုပ်မည်ဖြစ်သည်။ ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းအထောက်အထားမိတ္တူများကို ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း–၃၈၄၅၆၇၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း–၃၈၂၇၄၁၊ ဦးအေးလွင် ဖုန်း–၆၆၆၄၅၆နှင့် ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းသိရသည်။ (က–ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဒုတိယဗိုလ်မှူးကြီးခင်ဝင်း(ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊သာယာဝတီမြို့)–ဒေါ်ဝင်းမာတို့၏သားလတ်

မောင်ဝင်းကျော်စိုး B.Sc (Chem:)

နှင့်

ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၃၆ နေ ဦးသောင်းလှိုင်–ဒေါ်မြမြတို့၏သမီး

မသန္တာထွန်း B.Sc (Chem:)

တို့၏ ၂၇–၂–၂၀၀၅ရက်(တနင်္ဂနွေနေ့) Sedona Hotel၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ဇနီး ဒေါ်ခင်ဌေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၏ဇနီးဒေါ်တင်တင်ညွှန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့်ဇနီး ဒေါ်ချိုချိုမော်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မလှသက်ခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်များကိုင်ဆောင်ပေးသော မအိအိချို၊ သတို့သားအရန် မောင်ဗညားအောင်နှင့် မောင်ဇော်ကြီး၊ သတို့သမီးအရန် မသီတာထွန်းနှင့် မအေးသန္တာဦး၊ မင်္ဂလာဝတ်စုံ ဒေါ်လာမြင့်အောင်နှင့်အဖွဲ့၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် မုန်းကိုနှင့်အဖွဲ့၊ Lazy Club တေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းအားလည်းကောင်း၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဘဲလေးဓာတ်ပုံတိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းကျော်စိုး–မသန္တာထွန်း။

အမည်ပြောင်း

အဖ ဦးတင်မျိုးဦး၏ သမီး အထက(၅)မင်္ဂလာဒုံ တတိယတန်း(ခ)မှ မရွှန်းလဲ့ရည်အား မလဲ့ရည်ဖြိုးဟုပြောင်းလဲခေါ်ပါရန်။

မလဲ့ရည်ဖြိုး။

ရောင်းမည်(ညှိနှိုင်းဈေး)

ကျောက်မြောင်း၊တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းမကြီးပေါ် ၂၅ပေ x ပေ ၆၀၊ ပထမထပ်၊ ရေ၊ မီး၊ ကိုယ်ပိုင် စီးပွားရေးလုပ်ရန် နေရာကောင်း။

ဆက်သွယ်ရန်–ဖုန်း–၂၉၆၆၄၁၊ ၂၉၀၁၉၈၊ ၇၂၂၇၉၁၊ ၃၈၄၄၄၉ အမှတ်၃၂၇/၃၂၉၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်။

(၁၈)နှစ်မြောက် မွေးနေ့ ဆုမွန်လွှာ

ခိုင်မော် (2nd Year,English.UFL)ရဲ့ ၂–၃–၂၀၀၅ရက်တွင် ကျရောက်သည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပျော်ရွှင်မှုများရရှိ၍ “ကို”နှင့်အတူ အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို ထာဝရလျှောက်လှမ်းနိုင်ပါစေ။

ကိုကို (ဓေတ္တ–U.S.A)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာ သင်ခန်းစာများကို ဆက်လက် ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

ပထဝီဝင်ဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးကို မလေ့လာမီ အစဉ်အမြဲသတိပေးနေကျဖြစ်သည့် ဗဟုသုတ သိကောင်းစရာအနေဖြင့် ပထဝီဝင်၏ ဝေါဟာရကို သိထားသင့်သည်။ ကမ္ဘာမြေထု တစ်ခုတည်းကိုသာ လေ့လာရုံမက ရေထု၊ လေထုနှင့် လူသားအပါအဝင် သက်ရှိအပင်၊ တိရစ္ဆာန်သတ္တဝါများအားလုံး အကျုံးဝင်၍ ပထဝီစာလုံးအနောက်မှ ဝင် စာလုံးကို ထည့်ထားရခြင်းဖြစ်သည်။

အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးတွင် သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်ဟူ၍ အပိုင်းကြီး ၅ပိုင်း ပါဝင်သည်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနှင့် ကျွန်းများအကြောင်း ပါဝင်သည်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းတွင် သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးအကြောင်းများ ပါဝင်သည်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်အပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားသည်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းတွင် စကေးများ၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများ လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်သည်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံတွင် အပိုင်း ၆ ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင်မေးခွန်းများဖြစ်သည်။ အပိုင်း(က)နှင့် (စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်းများ တစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်းအားလုံး ၆ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ လိုအပ်သောနေရာများတွင် မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုချိန် ၃နာရီဖြစ်ပြီး စုစုပေါင်း ပေးမှတ်မှာ ၁၀၀ ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်တွင် သုံးပိုင်းပါဝင်ပြီး ၁၅မှတ်ဖိုး ဖြေရမှာဖြစ်သည်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ)အဖြေမှန်ရွေးတို့ဖြစ်သည်။

အပိုင်း(ခ)တွင် သုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ် ရွေးဖြေနိုင်သည်။ မေးခွန်းရှည် နှစ်ပုဒ်နှင့် မှတ်စုတို တစ်ပုဒ်မှ နှစ်သက်ရာ တစ်ပုဒ် ၁၅မှတ်ဖိုး ဖြေရမည်ဖြစ်သည်။ ထိုနည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တွင်လည်း ၁၅မှတ်ဖိုးစီ ဖြေရမည်ဖြစ်၍ ၄ပိုင်းအတွက် စုစုပေါင်း အမှတ် ၆၀ရမည်။

လက်တွေ့ပထဝီဝင်အပိုင်း(စ) မေးခွန်း ၁၄(က)တွင် စကေးနှင့် ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀မှတ်ဖိုး ဖြေရမည်။ မေးခွန်း ၁၄(ခ)တွင် ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမည်ဖြစ်ပြီး ၁၅မှတ်ပေးသည်။ ဓမ္မဓိဋ္ဌာန်ကဲ့သို့ မဖြေမနေရဖြစ်သည်။ ထို့ကြောင့် အပိုင်း(စ)တွင် စုစုပေါင်း ပေးမှတ် ၂၅မှတ်ဖြစ်သည်။

နိုင်ငံများ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေး ပထဝီဝင်ဟူ၍ ခွဲခြားလေ့လာမှတ်သားသင့်သည်။ ရူပပထဝီဝင် အပိုင်းတွင် တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများပါဝင်သည်။ သဘာဝပထဝီဝင်တွင် မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိ ပါဝင်သည်။ လူမှုရေးပထဝီဝင်တွင် လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများပါဝင်သည်။ စီးပွားရေးပထဝီဝင်အပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများပါဝင်သည်။ စီးပွားကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိပါဝင်သည်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်သည့်အခါတွင် မြေပုံနှင့်အချက်အလက်ကိုတွဲပြီး ကျက်မှတ်လျှင်ပို၍ မှတ်မိလွယ်ပြီး သဘောလည်းပိုပေါက်မည်ဖြစ်သည်။ အလွတ်ကျက်ခြင်းထက် မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိနိုင်သည့်အတွက် အလွတ်ကျက်သကဲ့သို့ မေ့လျော့ခြင်းမျိုးမဖြစ်နိုင်ပေ။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဤအပိုင်းများမှ သိသင့်သည်ဟု ယူဆသောအချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အမှန်ရွေးစသည်ဖြင့် မေးနိုင်သည့်အတွက် ယင်းကိုပါတစ်ပါတည်း ကျက်မှတ်ပြီးသား ဖြစ်နိုင်သည်။

လက်တွေ့ပထဝီဝင်အပိုင်းလေ့လာလျှင် စကေးများ၊ ကောင်းကင်ဓာတ်ပုံများကို တွက်ချက်ရေးဆွဲခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ခြင်းကို တွေ့ရသည်။

လက်တွေ့ တွက်ချက်မှုများမပြုမီ စကေး၏အဓိပ္ပာယ်နှင့် စကေးအမျိုးအစားများကို သိထားသင့်သည်။ စကေးမှာ မြေပုံပေါ်အကွာအဝေးနှင့် မြေပြင်ပေါ်အကွာအဝေး၏ အချိုးဖော်ပြချက်ပင်ဖြစ်သည်။ ဥပမာ- မြေပုံ၏စကေးသည် ၁လက်မလျှင် ၁မိုင်ဖြစ်လျှင် မြေပုံပေါ်တွင် ၁လက်မကွာဝေးလျှင် မြေပြင်ပေါ်တွင် ၁မိုင်ကွာဝေးသည်ဟုဆိုလိုသည်။ စကေးကို-

(၁) စာစကေး/စာတန်းစကေး
(၂) အချိုးစကေး/အပိုင်းစကေး
(၃) ပုံပြစကေး/မျဉ်းစကေးဟူ၍ သုံးမျိုးတွေ့နိုင်သည်။

စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများကိုလည်း သိထားသင့်သည်။ ပုံပြစကေးတွင် မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျမျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြထားခြင်းဖြစ်သည်။ အဓိကအားဖြင့် စကေးစိပ်နှင့် စကေးကျဲ နှစ်မျိုးရှိသည်။ ပုံပြစကေးရေးဆွဲရန် အဆင့်နှစ်ဆင့် လိုသည်။ (၁) တွက်ချက်ရန် (၂) ဆွဲသားရန်ဖြစ်သည်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြရမည့်ကိန်း၏ ယူနစ်ကို သတိပြုရန် လိုအပ်သည်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်သည့်အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေးစသည်တို့ကို ပထမဦးဆုံး ယူနစ်ပြောင်းလဲပေးရမည်။ ထို့ကြောင့် ၁မိုင်လျှင် ၆၃၃၆၀လက်မ (သို့မဟုတ်) ၅၂၈၀ပေ (သို့မဟုတ်) ၁၇၆၀ကိုက် (သို့မဟုတ်) ၈ဖာလုံနှင့် ညီမျှခြင်းကို သတိပြုထားသင့်သည်။ လိုသလိုပြောင်းလဲပေးရမည်ဖြစ်သည်။

တွက်ချက်သည့်အခါမှာ ရေးဆွဲရမည့်မျဉ်း၏ အလျားရရှိခြင်းသည် အရေးကြီးသည်။ အသင့်တော်ဆုံးမျဉ်းအလျားမှာ ၄လက်မနှင့် ၆လက်မကြားဖြစ်သည်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရန်လိုသည်။ ဆွဲသားခြင်းအပိုင်းတွင် စကေးမျဉ်း တိကျမှန်ကန်မှုလိုသည်။ စကေးမျဉ်းကို စိတ်ပိုင်းသည့်အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းခြင်းသည် အဓိကလိုအပ်ချက်ဖြစ်သည်။ သတိထားရမယ့် အချက်မှာ တွက်နည်းမှန်မှ ပုံဆွဲရာမှာလည်း မှန်မည်။ အချို့ ကျောင်းသူ၊ ကျောင်းသားများသည် စကေးစိပ်နှင့် စကေးကျဲကို မှားဖြေတတ်ကြသည်။

ဥပမာ-

၄လက်မလျှင် ၁မိုင် စကေးကို ပေ ၁၀၀၀အထိ ပြသနိုင်သော စကေးစိပ်ပုံဆွဲပါ။

၂လက်မလျှင် ၃မိုင် စကေးကို ကိုက် ၂၅၀အထိ ပြသနိုင်သော စကေးကျဲပုံဆွဲပါ။

တွက်နည်းမှာ နှစ်မျိုးစလုံးကို ကြည့်လျှင်-

အဆင့်(၁) ပေးထားသော စကေးကို ချရေးရမည် ၄လက်မ = ၁မိုင်၊ ၂လက်မ = ၃မိုင်

အဆင့်(၂) ယူနစ်ညှိရမည်- အနည်းဆုံးပြချင်သော ယူနစ်ကို ပြောင်းပေးရမည်။

၄လက်မ = ၁မိုင်ကို ပေ ပြောင်းရမည် ၄လက်မ = ၁ × ၅၂၈၀ ပေ

၂လက်မ = ၁မိုင်ကို ကိုက် ပြောင်းရမည် ၂လက်မ = ၁ × ၁၇၆၀ ကိုက်

အဆင့်(၃) ၆လက်မပေါ် မူတည်တွက်မည် $\frac{၆ \times ၅၂၈၀}{၄}$ $\frac{၃ \times ၁၇၆၀}{၂}$

၇၉၂၀ ပေ ၁၅၈၄၀ ကိုက်

အဆင့်(၄) အနီးဆုံးကိန်းပြည့်ယူသည်	၈၀၀၀ ပေ	၁၅၀၀၀ ကိုက်
အဆင့်(၅) စကေးမျဉ်းပြန်ရှာသည်	၆.၀၆ လက်မ	၅.၆၈ လက်မ
အဆင့်(၆) အပိုင်းပေါင်းရှာသည်	၈ ပိုင်း	၆၀ ပိုင်း

စကေးစိပ်နှင့် စကေးကျဲမှာ အပိုင်းပေါင်းရှာသည့် အဆင့်အထိ တွက်နည်း အတူတူပင် ဖြစ်သည်။ သို့သော် စကေးကျဲတွင် အဆင့်(၃)ဆင့် ပိုလာသည်။ ယင်းတို့မှာ-

(က) အပိုင်းပေါင်းကို ဆခွဲကိန်းခွဲပေးပြီး အငယ်ကိန်းကိုမူလပိုင်း၊ ကြီးသောကိန်းကို ထပ်ဆင့်ပိုင်းအဖြစ်ယူခြင်း၊
(ခ) မူလပိုင်းတစ်ပိုင်း၏ တန်ဖိုးရှာပေးခြင်း၊
(ဂ) ထပ်ဆင့်ပိုင်းတစ်ပိုင်း၏ တန်ဖိုးရှာပေးခြင်း

တို့ဖြစ်သည်။ ဆခွဲကိန်းခွဲရာမှာ ၆၀ ပိုင်းကို ၆ × ၁၀ ရ၍ ငယ်သောကိန်းမှာ မူလကိန်း၊ ကြီးသောကိန်းမှာ ထပ်ဆင့်ကိန်းဖြစ်မည်။

မူလပိုင်းတစ်ပိုင်း၏ တန်ဖိုးရှာသည့်အခါ $\frac{\text{အနီးဆုံးကိန်းပြည့်}}{\text{မူလပိုင်းပေါင်း}}$ $\frac{၁၅၀၀၀}{၆}$ ၂၅၀၀ ကိုက်

ထပ်ဆင့်ပိုင်း တစ်ပိုင်း၏တန်ဖိုး $\frac{\text{မူလပိုင်းတစ်ပိုင်းတန်ဖိုး}}{\text{ထပ်ဆင့်ပိုင်းတစ်ပိုင်းတန်ဖိုး}}$ $\frac{၂၅၀၀}{၁၀}$ ၂၅၀ ကိုက်

ဆွဲသားနည်းကို ဆက်ကြည့်လျှင် စကေးမျဉ်းတိကျမှန်ကန်ရန် လိုအပ်ခြင်းကို တွေ့ရမည်။ ထို့အပြင် စကေးမျဉ်းကို စိတ်ပိုင်းသည့်အခါ ညီညာအောင် စိတ်ပိုင်းခြင်းမှာ အဓိကလိုအပ်ချက်ဖြစ်ခြင်းကို တွေ့ရသည်။

(၁) တွက်လို့ရသော စကေးမျဉ်းအရှည် ၆.၀၆/ ၅.၈၆ လက်မ အတိုင်း တိတိကျကျရေးဆွဲရမည်။
(၂) စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှနေ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲရမည်။
(၃) ထိုမျဉ်းပေါ်မှာ လိုအပ်သည့်အစိတ်အပိုင်းအတိုင်း အညီအမျှ ကွန်ပါဖြင့် ပိုင်းပေးရမည်။
(၄) နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာဘက်အစွန်းကို မျဉ်းဖြောင့်ဆက်ရမည်။
(၅) ၎င်းမျဉ်းနှင့် အပြိုင်ပိုင်းမှတ်များမှနေ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲရမည်။

ထို့ကြောင့် စကေးမျဉ်းကို အညီအမျှပိုင်းပြီးသားဖြစ်မည်။ ဤအချက်အထိ စကေးနှစ်မျိုးစလုံး အတူတူဖြစ်သည်။ စကေးစိပ်တွင် လက်ဝဲဘက်အစွန်းမှာ သုညကို ရေးရသည်။ တန်ဖိုးများကို ၁၀၀၀၊ ၂၀၀၀ စသဖြင့် လက်ယာဘက်သို့ အစဉ်အတိုင်း တပ်သွားရမှာဖြစ်သည်။ ၈၀၀၀ မှာဆုံးသွားမည်။ ၈၀၀၀ ဘေးတွင် ပေ ဟုရေးရမည်။

၄လက်မလျှင် ၁မိုင်စကေးကို ပေ ၁၀၀၀ အထိ ပြသနိုင်သော စကေးစိပ်ပုံ



စကေးကျဲတွင် မူလပိုင်း တစ်ပိုင်းကို ထပ်စိတ်ပိုင်းရန်လိုအပ်သည့်အတွက်ကြောင့် ထပ်ပြီးအညီအမျှစိတ်ရန်အတွက် စကေးမျဉ်း၏ လက်ဝဲဘက်စွန်းမှအပေါ်သို့ မတ်မျဉ်းထောင်ရသည်။ အလားတူ စကေးမျဉ်းပေါ်ရှိ ပထမမူလပိုင်း တစ်ပိုင်း၏ ပိုင်းမှတ်မှနေ၍ အောက်သို့ မတ်မျဉ်းထောင်ပေးရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ (၁၅)မှ အဆက်

ထိုမတ်မျဉ်းများပေါ်မှာ လိုအပ်သည့်အပိုင်းအညီအမျှပိုင်းများပိုင်းပေး ရသည်။ ဖတ်စာအုပ်မှာပါသည့် အတိုင်း ဆက်ဆွဲသည့်အခါ မူလပိုင်းကြီးတစ်ပိုင်းမှာ အညီအမျှပိုင်းပြီးသားဖြစ်နေမည်။ အပိုင်း၏ တန်ဖိုးများကို တပ်ပေးရမည်။ ထို့ပြင် ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ် ပေးရန်လည်းလိုအပ်သည်။ခေါင်းစဉ်သည် မေးခွန်းမှာ မေးထားခြင်းကို မှီးပြီး တပ်ပေးရမည်။

၂ လက်မလျှင် ၃ မိုင်စကေးကို ကိုက် ၂၅၀ အထိ
ပြသနိုင်သော စကေးကျဲပုံ



ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံလေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်း လေ့လာသည့်အခါ ကောင်းကင်ဓာတ်ပုံမှာ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည့် ယာဉ်အမျိုးမျိုးမှ ရိုက်ကူးထားသော ပုံဖြစ်သည်ကို သိထားသင့်သည်။ ကောင်းကင်ဓာတ်ပုံအမျိုးအစားများကို အဓိက နှစ်မျိုးခွဲခြားနိုင်သည်။

(၁) တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ

(က) မိုးကုတ်စက်ဝိုင်းကို မြင်နိုင်သော တစောင်းမြင့် ကောင်းကင်ဓာတ်ပုံ

(ခ) မိုးကုတ်စက်ဝိုင်းကို မမြင်နိုင်သော တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံ

(၂) အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံ

တို့ပါဝင်သည်။

ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသော ပုံသေနည်းများကို အသုံးပြုပြီး ပုံကြမ်းနှင့်တကွ နားလည်သဘောပေါက်အောင် တွက်ချက်နိုင်ရန် လေ့လာထားသင့်သည်။ စကေးရှာရာမှာ (၁) ဓာတ်ပုံပေါ်အကွာအဝေးနှင့် မြေပြင်အကွာအဝေး နှိုင်းယှဉ်ပြီးစကေးရှာခြင်း၊ (၂) ကင်မရာဆုံတာနှင့် လေယာဉ်ပျံသန်းသော အမြင့်အချိုးမှ စကေးရှာခြင်း၊ (၃) စကေးသိထားသော မြေပုံနှင့်နှိုင်းယှဉ်ကာ စကေးရှာခြင်းများရှိသည်။

စကေးရှာဖွေတွက်ချက်ရာမှာ အသုံးပြုသော သင်္ကေတအတိုကောက်များကိုလည်း သိရှိထားရမည်။

RF	= ကောင်းကင်ဓာတ်ပုံ၏ အချိုးစကေး
f	= ကင်မရာဆုံတာ
H	= မြေပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်
A	= ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်
h	= (A-H)ကုန်းမြေ၏အမြင့်
PD	= ဓာတ်ပုံပေါ်ရှိအကွာအဝေး
GD	= မြေပြင်ပေါ်ရှိအကွာအဝေး
MD	= မြေပုံပေါ်ရှိအကွာအဝေး
Map Scale	= မြေပုံ၏စကေး

ပုံသေနည်းများမှာ

(၁) $$RF = \frac{PD}{GD}$$

$$\therefore \frac{PD}{GD} = \frac{f}{H}$$

(၂) $$RF = \frac{f}{H}$$

(၃) $$RF = \frac{f}{A-H} \qquad (\because H = A-h)$$

(၄) $$RF = \frac{PD}{MD} \times \text{Map Scale}$$

တို့ဖြစ်သည်။ ပုစ္ဆာတွေ တွက်သည့်အခါတွင် သတိပြုရမည့်အချက်သည် အချိုးစကေးမှာ ပိုင်းဝေသည် အစဉ် '၁'ဖြစ်ရမည်။ အချိုးစကေးဖြစ်၍ ပိုင်းဝေနှင့် ပိုင်းခြေယူနစ် တူအောင်ညှိပေးရမည်။ ကိုက်ညီမည့် အထက်ပါပုံသေနည်းများကို သုံးရမည်၊ ပုံကြမ်းရေးဆွဲပေးခြင်းသည်လည်း လိုအပ်ချက်ဖြစ်သည်။

လက်တွေ့ပထဝီဝင်အပိုင်းမှ ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအကြောင်းတွင် 'က'မှ'ခ'သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာရှာဖွေခြင်း၊ မြေပုံပါဒေသ၏လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံ မည်သည့်ပြည်နယ်/တိုင်းအတွင်း တည်ရှိခြင်းကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရုပ်ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများစသည်ဖြင့် အလျဉ်းသင့်သလို ရေးခိုင်းခြင်းကို ဖြေရမှာဖြစ်သည်။

'က'မှ'ခ'သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို အရင်ရှာပေးရမှာဖြစ်၍ ကွန်တိုမြေပုံမှာ ပေးထားသည့် အလျားလိုက်စကေးကို အသုံးပြုပြီးတွက်ချက်ရှာဖွေရမည်။ ဒေါင်လိုက်စကေးကို ရှာသောအခါ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ ဆ မှ ၁၀ ဆ အထိချဲ့သင့်သည်။ စကေးရှာရာတွင် ၁ လက်မ အပေါ် မူတည်ရှာရမည်။ ရလာသောအဖြေကို ပုံဆွဲရာမှာ လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမည်။ ဤရှာနည်းမှာ ပုံသေနည်းလို ဖြစ်နေသည့်အတွက် ဘယ်စကေးမဆိုတွက်နိုင်ရမှာဖြစ်သည်။

ဥပမာ-ဒေါင်လိုက်စကေးရှာရာတွင်

ပေးထားသော အလျားလိုက်စကေး ၁ လက်မ ၁ မိုင် ပေးထားသည်ဆိုလျှင်

အလျားလိုက်စကေး ၁ လက်မ=၁ မိုင်

ဒေါင်လိုက်စကေး ၁ လက်မ=၁ မိုင် x ၅၂၈၀ပေ (∵ အမြင့်ကို ပေနှင့် ပြသသောကြောင့်)

ဒေါင်လိုက်စကေး ၁ လက်မ=၅၂၈၀ ပေ

ဒေါင်လိုက်စကေးကို ၅ ဆ ချဲ့သော်

၁ လက်မ x ၅ ဆ= ၅၂၈၀ ပေ

၅ လက်မ=၅၂၈၀ ပေ

$$၁ \text{ လက်မ} = \frac{၁ \times ၅၂၈၀}{၅} = ၁၀၅၆ \text{ ပေ}$$

∴၁ လက်မ = ၁၀၀၀ ပေ (အနီးဆုံးကိန်းပြည့်ယူ)

ဒေသ၏အကျယ်အဝန်းကို ရှာသည့်အခါ ပုံအောက်မှာပေးထားသောအလျားလိုက်စကေးကို အသုံးပြုပြီး ဧရိယာရှာပေးရမည်။ သတိပြုရမည်မှာ ပုံ၏ အတွင်းဘောင် အလျား၊ အနံကိုသာ တိတိကျကျတိုင်းပြီး တွက်ချက်ရမှာဖြစ်သည်။ ဤကဲ့သို့ မြေပုံပါဒေသ၏ မြေပြင်ဧရိယာကို ရှာလိုသည့်အတွက် အလျားနှင့်အနံတို့၏ လက်မများကို ပေးထားသော စကေးအရ မိုင်ဖွဲ့ပြီးမြှောက်မှသာ အဖြေမှန်ဖြစ်သည့် စတုရန်းမိုင်ရမည်၊ အဖြေကို စတုရန်းလက်မနှင့် ပြလျှင်မှားမည်။

ကွန်တိုမြေပုံဖြေဆိုခြင်းမှာ အလွတ်ကျက်လို့ရသည်မဟုတ်၊ ကွန်တိုမြေပုံ၏ အခြေခံအချက်အလက်များကို လေ့လာထားရမည်။ မြေပုံမှာပါသော အကြောင်းအရာများကို ကြောင်းကျိုးဆက်စပ်ဖြေနိုင်သည်အထိ လေ့ကျင့်ထားရန် လိုအပ်သည့်အတွက် ယင်းတို့ကို လေ့လာထားသင့်သည်။ အလွတ်ကျက်မှတ်ခြင်းမဟုတ်၊ မြေပုံနှင့်အချက်အလက်များကို ဆက်စပ်ပြီး နားလည်အောင် ကျက်မှတ်ခြင်းမှာ ပိုမှတ်မိလွယ်သည့်အတွက် မြေပုံနှင့်တွဲကျက်ပါ၊ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်ရေးဆွဲလေ့ကျင့်ထားကြပါရန်ကိုလည်း သတိပေးအပ်ပါသည်။ ။

ရှင်းလင်းတင်ပြ

လမိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများစုပေါင်း၍ ရှင်စောပုဈေးရှေ့လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရေးမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့ ဖေဖော်ဝါရီ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဦးခင်မောင်လွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၃-၃-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အာဠာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ဓာတုအင်ဂျင်နီယာ စက်မှုထုတ်ကုန်များ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)အိမ်ကြီးရှင်များကြားပါစေ (ပန်းဒကာကိုတင်မြင့်)
(၂)ကမ္ဘာကျော်ပုဂ္ဂိုလ်တို့၏ အတွေးအခေါ်များနှင့် မိန့်ဆိုချက်များ(ဦးသန်းထွတ် ပါမောက္ခ-ငြိမ်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သတိပြုစရာ စားဓလေ့)

၁၂း၃၀ အစာနှင့်အာဟာရ (ပုသိမ်ငါးခေါင်းချဉ်ရေ)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (တပ်မတော်စွမ်းပကား)

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ (၅၆)နှစ်မြောက် တပ်မတော်နေ့ဆုရတေးများ

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၈း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ထွန်းထွန်းပေါက်ပေါက်ဖြစ်ပါစေ)

တောင်ကြီးမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က တောင်ကြီး ဂေါက်သီးရိုက်အသင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနဦးစီးမှူး ဦးဘခင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

2-3 (16).p65 1 3/27/05, 10:28 AM

ဓနုဖြူမြို့နယ်တွင် မြို့ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ဓနုဖြူ ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပတ်လမ်းကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက ဓနုဖြူမြို့ (၁၀)ရပ်ကွက်ရှိ မြို့ပတ်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးက မြို့ပတ်လမ်း ကျောက်ချောလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးအောင်မြင့်ဌေးတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းအရှည်ပေ၂၅၄၀၊ အကျယ် ၁၂ပေကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၈၈ဒသမ၇သိန်း ကုန်ကျခံပြီး ဆောင်ရွက်သဖြင့် ဓနုဖြူမြို့ပတ်ဝန်းကျင်ရှိ သပြု၊ ရေလဲ၊ ညောင်ချောင်း၊ တော်ဝနှင့် တောကြီးကျေးရွာများမှ ကျေးလက်နေပြည်သူများ အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မိတ္ထီလာမြို့ကျောက်ချောလမ်းသစ်ဖွင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၂

မိတ္ထီလာမြို့ကျီတော်ကုန်းရပ်ကွက် အဝင် ကျောက်ချောလမ်းသစ်နှင့် ကိုယ့်အားကိုယ်ကိုး ရေပိုက်လိုင်းသွယ်တန်းနိုင်မှု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်နံနက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်ကလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဆန်းဝင်းနှင့် ရေပိုက်လိုင်းအလှူရှင်များကိုယ်စားအလှူရှင်ဦးမိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ကျီတော်ကုန်းရပ်ကွက်အဝင်လမ်းသည် မူလက မြေသားလမ်းအဖြစ်တည်ရှိခဲ့ရာမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်၂၇၀၇၂၀၀ ဖြင့်လမ်းအရှည် ၁၄၆၃ ပေ၊အကျယ် ၁၂ပေရှိကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီးကိုယ့်အားကိုယ်ကိုး ရေပိုက်လိုင်းအရှည်ပေ ၁၀၀၀ နှင့်အများသုံးအုတ်ရေကန်တို့ကိုပြည်သူများ ထည့်ဝင်ငွေ ကျပ်၁၁၄၀၀၀၀ဖြင့် တာဝန်ယူ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကညင်တိုင်းကျေးရွာအုပ်စု တောင်ပေါ်စုကျေးရွာတွင် ကျေးလက်အိမ်ရာများဆောက်လုပ်ပေးရာ ဖေဖော်ဝါရီ ၁၆ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်ကဦးမန်းဆိတ်မိသားစုများအားတွေ့ဆုံ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၉ရက်က ရခိုင်ပြည်နယ် ဂွမြို့နယ် ခရေလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းထိပ်မုခ်ဦးရှေ့တွင် ကျင်းပရာ ဂွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ဂွမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မင်းကင်းမြို့နယ်၌ မြို့ဝင်လမ်းကျောက်ချောခင်း

မင်းကင်း ဖေဖော်ဝါရီ ၁၆

စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များသည် မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်လမ်းအရှည် ပေ၁၈၀၀၊အကျယ် ၁၂ပေကို ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကနီမြို့နယ်

ထို့အတူ ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် မြို့ပတ်လမ်းဂဝံခင်းခြင်းလုပ်ငန်းအရှည် ပေ၄၀၀၊ အကျယ် ၁၂ပေအား ဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာ၌ တွင်းတိမ်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မော်ကျွန်းတွင် ကျေးလက်စာကြည့်တိုက်များဖွင့် ပြုစုပျိုးထောင်ရေး ရှင်းလင်းဟောပြော

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၂

မော်လမြိုင်ကျွန်းမြို့နယ် ကဓောက်ကျေးရွာအုပ်စု ကျီးချောင်းကျေးရွာ ပွင့်တိုင်းအောင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် မွန်းတည့် ၁၂နာရီက ကျီးချောင်းကျေးရွာ ဦးမြအုန်းနေအိမ်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်က စာကြည့်တိုက် ပြုစုပျိုးထောင်ရေးကိုလည်းကောင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က စာကြည့်တိုက်အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း ရှင်းလင်း ဟောပြောကြသည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ကဓောက် ကျေးရွာအုပ်စုအတွင်းရှိ ကဓောက်၊ ကဇန်းချောင်း၊ ထီလေးသိမ်ကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၉

မိုင်းဖြတ်မြို့နယ် နမ့်နန်းကျေးရွာအုပ်စု၁၇မိုင်ကျေးရွာတွင် ပြည်ငြိမ်းအေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် ဦးလှစိုးဘိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာအုပ်များ ပေးအပ်လှူဒါန်းရာ ဦးလှစိုးဘိုက လက်ခံရယူသည်။

ထို့နောက်ခရိုင်ဦးစီးအရာရှိဦးစိုင်းဆမ်တစ်က စာကြည့်တိုက်များရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြောကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကြီးကြပ် ဆောင်ရွက်

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သောဦးစိန်လမ်း တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းအေးကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နယ်မြေအားလုံးတစ်ပြိုင်တည်း တိုးတက်ရန်အရေးကြီး မန္တလေးတိုင်းသည် နိုင်ငံတော်စီးပွားရေးအတွက် အဓိကအားထားရသော တိုင်းကြီးတစ်တိုင်းဖြစ် ဒေသဆန်ဖူလုံမှုရရှိလာအောင် စပါးသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

မန္တလေးမြို့သို့ ရောက်ရှိပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးသို့ သွားရောက်ကြပြီး မြို့တော်ခန်းမ၌ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁

နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အရေးကြီး

နိုင်ငံတော်တစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက်ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ ပြည်နယ်၊တိုင်းအားလုံး တစ်ပြိုင်တည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီး။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❑ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးမြေအသစ်များ ဖော်ထုတ်စိုက်ပျိုးထုတ်လုပ်နိုင်စေရန် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက်ဖြစ်။ (ခေါင်းကြီး(စာ-၂))

❑ ယောမင်းကြီး ဦးဘိုးလှိုင်က ရာဇဓမ္မသင်္ဂဟကျမ်း၌ မြန်မာနိုင်ငံတွင် ထွန်းကားသော နိဂ္ဂလတရားကို ရှင်းလင်းဖွင့်ဆိုရာ၌ နိ-မလို၊ ဂ္ဂလ-တံခါးဟု အဓိပ္ပာယ်ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးသည် ခိုင်ခံ့ကောင်းမွန်လှသောကြောင့် လူနေအိမ်များ၌ တံခါးတပ်စရာ မလိုအောင်ပင် လုံခြုံစိတ်ချရပြီး ရာဇဝတ်မှုများ ကင်းရှင်းခဲ့ကြောင်း သိရှိရပေသည်။ (ခြင်ကျား(မအူပင်)၏ ဆောင်းပါး(စာ-၁၀၊ ၁၁))